ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
ပြည်နယ်ပညာရေးမှူးရုံး
တောင်ကြီးမြို့

# နိုင်ငံတော်အစိုးရ၏
# (၅)နှစ်တာ ကာလအတွင်း ရှမ်းပြည်နယ်
# ပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု တင်ပြချက်

၂၀၂၀ ပြည့်နှစ် ၊ အောက်တိုဘာလ(၂၀) ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏
# ပြည်သူ့အတွက် (၅)နှစ်တာ ကာလအတွင်း ရှမ်းပြည်နယ်၏
# ပညာရေးပြုပြင်ပြောင်းလဲတိုးတက်မှုအခြေအနေများ

## နိဒါန်း

၁။ ရှမ်းပြည်နယ် ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးကဏ္ဍပြုပြင် ပြောင်းလဲရေး အတွက် ကလေးလူငယ်များ၏ ပညာသင်ယူနိုင်မည့်အခွင့်အလမ်း မြင့်မားရေး ၊ ကျောင်းသား/ သူများ၏ သင်ယူ တတ်မြောက်မှု အရည်အသွေးမြင့်မားရေးတို့ကို ဦးတည်ပြီး အမျိုးသားပညာရေး မဟာ ဗျူဟာစီမံကိန်း (၂၀၁၆–၂၀၂၁) ရည်မှန်းချက်ပန်းတိုင်များနှင့် အညီ(၃)နှစ်တာ ကာလအတွင်း ကြိုးပမ်း ဆောင်ရွက်ခဲ့ပါသည်။

## ပညာရေးမူဝါဒ

၂။ ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေး ဥပဒေနှင့်အညီ ချမှတ်ထားသည့် အမျိုးသား ပညာရေး မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) နိုင်ငံတော်တွင် အမျိုးသားပညာရေးဥပဒေ၊ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့် ပညာရေးဆိုင်ရာအခြားဥပဒေများနှင့်အညီ ပညာရေး လွတ်လပ်ခွင့်ရှိရေး။

(ခ) ပညာရေးမူဝါဒများ ၊ ဆက်စပ်ဥပဒေများနှင့် နည်းဥပဒေများရေးဆွဲရာတွင် ကျွမ်းကျင်ပညာရှင်များ၊ ပညာရေးဆိုင်ရာ အရပ်ဘက် အဖွဲ့အစည်းများ၊ မိဘများ၊ ဆရာများက ရွေးချယ်သော ကိုယ်စားလှယ်များနှင့် ကျောင်းများက ရွေးချယ်သော ကိုယ်စား လှယ်များ၏ အကြံပြုချက်များကို ရယူရေး။

(ဂ) အဆင့်မြင့်ပညာကျောင်းများတွင် ဆရာသမဂ္ဂများနှင့် ကျောင်းသားသမဂ္ဂများကို သက်ဆိုင်ရာတက္ကသိုလ်ပဋိညာဉ်စာတမ်းနှင့်အညီ လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင် လှုပ်ရှားခွင့်ရှိရေး။

(ဃ) ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာရေးမြှင့်တင်မှုတို့အတွက် နိုင်ငံသားတိုင်း ပူးပေါင်း ပါဝင်ဆောင် ရွက်စေရေး။

(င) ကိုယ်ပိုင်(သို့မဟုတ်)ပုဂ္ဂလိကကျောင်းများကို သက်ဆိုင်ရာဥပဒေနှင့်အည တည်ထောင် ခွင့်ပြုခြင်းနှင့် ပညာရေးလုပ်ငန်းများ၌ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကိုအားပေး မြှင့်တင်ရေး။

(စ) ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့် ရရှိရေးအတွက် မသန်စွမ်းသူ နိုင်ငံသားများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့် မရရှိသူများကို ပညာရေးအဆင့်တိုင်းတွင် ပညာသင်ယူခွင့် ရရှိစေရန် ပညာရေး အထူးဝန်ဆောင်မှု အစီအစဉ်များအပါအဝင် လူတိုင်းအကျုံးဝင် ပညာရေး အစီအစဉ်ထားရှိရေး။

(ဆ) နိုင်ငံသားတိုင်း ပညာသင်ယူခွင့်ရရှိပြီး ဘဝတစ်လျှောက် စဉ်ဆက်မပြတ် လေ့လာ သင်ယူနိုင်သော ပညာရေးအခွင့်အလမ်းများဖန်တီးပေးရေး။

(ဇ) နိုင်ငံတကာပညာရေးအဆင့် ရှိစေရေးအတွက် ခေတ်မီနည်းပညာများကို အသုံးပြု ဆောင်ရွက်ရေး

(ဈ) လူမှုစီးပွားရေးဘဝတွင်လက်တွေ့အသုံးချနိုင်သည့်ပညာရေးဖြစ်စေရေး။

(ည) တက္ကသိုလ်နှင့် ကောလိပ်များသည်လွပ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ဖြ ရပ်တည်ရေး။

(ဋ) တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့် ဘာသာရပ်နှင့်တက္ကသိုလ်ကို သင်ယူသူ ကိုယ်တိုင်ရွေး ချယ်လျှောက်ထားခွင့်ရှိပြီး တက္ကသိုလ်ဝင်ခွင့်ကို အခြေခံပညာ အထက်တန်း ရမှတ်ဖြင့် စိစစ်ဆုံးဖြတ်ရွေးချယ်ခြင်း မဟုတ်ဘဲ တက်ရောက် လိုသည့် တက္ကသိုလ်၏ပဋိညာဉ်စာတမ်းနှင့်အညီ စိစစ် ရွေးချယ်သည့် စနစ်ထားရှိရေး။

(ဌ) ကျောင်းများတွင် ဘာသာရေးနှင့်နိုင်ငံရေးအဖွဲ့အစည်းများ၏ စွက်ဖက်မှုများမှ ကင်းလွတ် စေရေး။

(ဍ) အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ ဆောင်ရွက်ရေး။

(ဎ) ပညာရပ်နယ်ပယ်အားလုံးကို တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်သော အသိ ပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာ များနှင့် သက်မွေး ပညာ ကျွမ်းကျင်သူများကို အဆင့်အလိုက် မွေးထုတ်ရေး။

(ဏ) ပညာရေးအဆင့်တိုင်းနှင့် ပညာရပ်နယ်ပယ်အသီးသီးတွင် ပညာရေး အဆင့် အတန်း သတ်မှတ်ပြီး အရည်အသွေး အာမခံမှုရှိသော စနစ်ကို အကောင် အထည် ဖော်ဆောင်ရွက်ရေး။

(တ) ဗဟိုချုပ်ကိုင်မှုလျှော့ချသည့်ပညာရေးစနစ်ကိုကျင့်သုံးရေး။

## ရည်မှန်းချက်

၃။ အမျိုးသားပညာရေးရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်–

(က) တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်ပြည့်စုံသည့် နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းရေးကိုဦးတည်လေ့ကျင့်ပေးရန်။

(ခ) ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများဖြင့် ဥပဒေကို လေးစားလိုက်နာသော နိုင်ငံသားများဖြစ်လာစေရေးအတွက် လေ့ကျင့် ပြုစု ပျိုးထောင် ပေးရန်။

(ဂ) ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့၊ သမိုင်းအမွေအနှစ်နှင့် သဘာဝပတ်ဝန်းကျင်တို့ကို တန်ဖိုးထား၍ ထိန်းသိမ်း မြှင့်တင်နိုင်ပြီး ယင်းတို့ကို လက်ဆင့်ကမ်းနိုင်သည့် နိုင်ငံသားများ ဖြစ်လာစေရန်။

(ဃ) ပညာအခြေပြု လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော လူ့စွမ်းအား အရင်းအမြစ် များကို လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်။

(င) နိုင်ငံတကာအဆင့်မီပညာရပ်ဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများ ဖန်တီး ပေးရန်နှင့် သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို ထိရောက်စွာ အသုံးပြုခြင်းဖြင့် သင်ကြားရေး၊ သင်ယူရေး၊ သုတေသနနှင့် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများ၏ အရည်အသွေးမြင့်မားလာစေရန်။

(စ) ပညာရပ်နယ်ပယ်အလိုက် ကျွမ်းကျင်စွာတတ်မြောက်သော ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာနှင့် သက်မွေးပညာ ရပ်ဆိုင်ရာ ကျွမ်းကျင်သူများကို လေ့ကျင့်ပြုစုပျိုး ထောင်ပေးရန်။

(ဆ) အားကစားကဏ္ဍကို အားပေးမြှင့်တင်ခြင်းနှင့် ကျောင်းကျန်းမာရေး လုပ်ငန်းများကို စနစ်တကျ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင စေရန်။

(ဇ) နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်ကို နိုင်ငံသားတိုင်း ခံစားခွင့်ရရှိစေရန်။

(ဈ) မဟာဗျူဟာများ၊ မူဝါဒများနှင့်ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှု၊ စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများကိုလည်းကောင်း၊ ပညာရေးနှင့် သက်ဆိုင်သည့် ဥပဒေများ၊ အခြားလုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သော သတင်း အချက်အလက် များကိုလည်းကောင်း ပြည်သူလူထုက သိရှိရယူနိုင်ရန်။

**လုပ်ငန်းစဉ်များ**

၄။ လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်ပါသည်–

(က) ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း။

(ခ) နိုင်ငံသားတိုင်းအနည်းဆုံးမူလတန်းပညာကိုသင်ယူပြီးမြောက်ပြီးအလယ်တန်းပညာနှင့် အထက်တန်းပညာကိုအဆင့်ဆင့်တိုးမြှင့်သင်ယူခွင့်များရရှိစေရန်ဆောင်

ရွက်မည်ဖြစ်ရာ မူလတန်းအရွယ်ကလေးတိုင်း မူလတန်းပညာရေးကို ပြီးမြောက် အောင်မြင်ခြင်းနှင့် မူလတန်းပညာသင်ယူရန် အခက်အခဲရှိနေသည့် ကာယ၊ ဉာဏ စွမ်းရည် အားနည်းသော ကလေးများ၊ ဆင်းရဲနွမ်းပါးသည့် ကလေးများ၊ ဝေးလံခေါင်ဖျားဒေသရှိ ကလေးများ စသည့်ကလေးများအတွက် အလေး ထားသည့် ပညာရေးအစီအစဉ်များ ပိုမိုကောင်းမွန်အောင် ဆောင်ရွက် ခြင်း။

(ဂ) ကွဲပြားခြားနားသည့် ဘာသာစကားပြောသော မူလတန်းတိုင်းရင်းသား ကလေးများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် တိုင်းရင်းသားဘာသာစကား သင်ရိုးညွှန်းတမ်းပြုစုရေးဆွဲခြင်းနှ သင်ကြားခြင်းများ အပါအဝင် တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုကို မြှင့်တင်ပေးရန် ဆောင်ရွက်ခြင်း။

(ဃ) သင့်လျော်သော ဆရာ၊ ကျောင်းသားအချိုး ရရှိစေရန်ဆောင်ရွက်ပေးခြင်း။

(င) ကျောင်းအသီးသီးမှ ဆရာများ၏ ဘာသာရပ်ကျွမ်းကျင်မှုနှင့် သင်ကြားပို့ချမှု စွမ်းရည်များမြင့်မား လာစေရန် ဆောင်ရွက်ခြင်း။

(စ) အခြေခံပညာရေးကို လူတိုင်းပိုမိုလက်လှမ်းမီနိုင်ရန် ဖွံ့ဖြိုးမှုအားနည်းသည့် ဒေသများရှိကျောင်း များ(အထူးသဖြင့် ကျောင်းအသုံးအဆောင်ပစ္စည်းများ လုံလောက်မှုမရှိသော အခြေခံပညာအလယ် တန်းနှင့် အထက်တန်းကျောင်းများ )၏ လိုအပ်ချက်များကို ဦးစားပေးဖြည့်ဆည်းဆောင်ရွက် ပေးခြင်း။

(ဆ) ပညာအရည်အချင်းနည်းပါးသူများ၏ နေထိုင်မှုဘဝ တိုးတက်ကောင်းမွန်စေရန် အခြေခံပညာ အလယ်တန်း၊ အထက်တန်း တန်းညှိအစီအစဉ်များနှင့်သက်မွေ သင်တန်း အစီအစဉ်များဖြင့် ဆက်လက်ပညာဆည်းပူးနိုင်သော အခွင့်အလမ်းများ ဖေါ်ဆောင် ပေးခြင်း။

(ဇ) တက္ကသိုလ်များတွင် ကိုယ်ပိုင် သင်ရိုးညွှန်းတမ်းများ ရေးဆွဲသင်ကြားခွင့်၊ အုပ်ချုပ်ခွင့်နှင့် သုတေသန လုပ်ငန်းများကို လွတ်လပ်စွာဆောင်ရွက်နိုင်သော

ကမ္ဘာ့အဆင့်မီ အဆင့်မြင့် သင်ရိုး၊ ကမ္ဘာ့ အဆင့်မီ အဆင့်မြင့်ပညာရေးစနစ် ဖြစ်ထွန်းလာစေရန် ဦးတည်ဖော်ဆောင်ပေးခြင်း။

(ဈ) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေး ပညာရပ်များကို တက္ကသိုလ်များ၏ ပညာရပ် များနှင့် တန်းတူဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက် ပေးခြင်း။

(ည) ကျောင်းသားမိဘများနှင့် ရပ်ရွာအသိုက်အဝန်းကို ဝန်ထုတ်ဝန်ပိုး မဖြစ်စေသော ထိရောက်သည့် ပညာရေးဝန်ဆောင်မှု ဖြစ်စေရန် ဆောင်ရွက် ပေးခြင်း။

(ဋ) နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်တွင်းပြည်ပမှရရှိသည့် ပညာရေး ဆိုင်ရာ ဘဏ္ဍာငွေများကိုအကျိုးရှိထိရောက်စွာသုံးစွဲနိုင်ရန်နှင့်ပွင်းလင်းမြင်သာ မှုရှိစေရန်ဆောင်ရွက်ခြင်း။

(၄) တိကျမှန်ကန်သည့် သတင်းအချက်အလက်များကို အခြေခံ၍ ထိရောက်သော ပညာရေးပြုပြင်ပြောင်းလဲမှု၊ စီမံခန့်ခွဲမှုနှင့် လေ့လာကြီးကြပ်မှုလုပ်ငန်း အစီအစဉ် များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

## ၅။ ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်မှု၏ အကျိုးသက်ရောက်မှုများ

- အခြေခံပညာကျောင်းများတိုးချဲ့ဖွင့်လှစ်ခြင်း ၊ တိုးမြှင့်ဖွင့်လှစ်ခြင်း ၊ အခြေခံပညာဆရာ/မ တိုးချဲ့ခန့်ထားပေးခြင်းကြောင့် ကျေးလက်ဒေသများတွင် ပညာသင်ယူယူခွင့် အခွင့်အလမ်းများ ပိုမိုရရှိခဲ့ပါသည်။
- အဆောက်အဦးများ တိုးချဲ့ဆောက်လုပ်ပေးခြင်း/ ပြုပြင်ဆောက်လုပ်ပေးခြင်းများကြောင့် ကျောင်းသား/သူများ မိုးလုံလေလုံ ပညာသင်ယူခွင့် ရရှိခဲ့ကြပါသည်။
- ၂၀၂၀-၂၀၂၁ ပညာသင်နှစ် ၊ ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ၊ ဘုန်းတော်ကြီးသင်ကျောင်းများ ၊ လေ့ကျင့်ရေးအထက်တန်းကျောင်းများနှင့် အလယ်တန်းကျောင်းများ၊ IDP Camp များရှိ မူလတန်းဆင့်သင်ကျောင်းသား/သူများအတွက် တစ်ဦးလျှင် ဗလာစာအုပ် (၁) ဒါဇင် ၊ ဘောပင် (၂) ချောင်းနှင့် ခဲတံ(၂) ချောင်းနှုန်းဖြင့် လည်းကောင်း ၊ အခမဲ့ ဖြန့်ဝေရန်အတွက် ဗလာစာအုပ် (၄၆၃၅၁၇၀) ဒါဇင်အား (၁)ဒါဇင်လျှင် ၂၀၀၀-ကျပ်နှုန်းဖြင့် ရှမ်းပြည်နယ်ပညာရေးအတွက် ခွဲဝေသတ်မှတ်ပေးပါသည်။

Reusable Clothes Masks , Face Shield , Thermometer များ အခမဲ့ဖြန့်ဝေပေးခြင်း။

- ပညာရေးပြောင်းလဲမှု (KG+5+4+3)ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အတွက်လဲ ဆရာ၊ဆရာမများ၏ ခံယူချက်သဘောထားများကို ပြောင်းလဲပေး ရုံသာမက သင်နည်း(Method)များ စဉ်းစားတွေးခေါ်မှုများ၊ သင်ထောက်ကူ အသုံးပြုမှုများ ပိုမိုထိရောက်အောင်မြင်လာမည်ဖြစ်ပါသည်။
- ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် သင်ရိုးသစ်ဖြစ်သော Grade(4), (7), (10) အတွက် Covid-19 ကာလ ဖြစ်သော်လည်း Online သင်တန်းများ ဆင့်ပွားသင်ကြားပြီး Face to Face လေ့ကျင့်ဆွေးနွေးစေခြင်းဖြင့် သင်ရိုးသစ် သင်တန်းများ အဆင်ပြေ ချောမွေ့အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့ပါသည်။
- ကျောင်းရုံးများဆိုင်ရာ လုပ်ငန်းများ ဆွေးနွေးတိုင်ပင် လမ်းညွှန်ချမှတ်ရာတွင် Online Meeting ဖြင့် Face to Face ဆွေးနွေး ဆောင်ရွက်လျက် ရှိပါသည်။
- Covid-19 ကာလအတွင်း ထက်ဆင့်သင်ကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ဆန်းစစ်ချက်ပုံစံများဖြင့် ကွင်းဆင်း ကြီးကြပ်၍ ဆန်းစစ်ချက်များအရ ( A) အဆင့် ရရှိလျှင် ဖွင့်လှစ်ခွင့် ပြုမည်ဖြစ်ပြီး ၊ (B)နှင့် (C) အဆင့်များ ရရှိပါက ထပ်မံဖြည့် ဆည်းရန် လိုအပ်ချက်ရှိသော ကျောင်းများအဖြစ် သတ်မှတ်ပြီး လိုအပ်ချက်များ အမြန်ဖြည့်ဆည်းစေပြီး ကျောင်းဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။
- အထက်တန်းဆင့်သင် ကျောင်းများ အောင်မြင်စွာ ဖွင့်လှစ်နိုင်ပါက အလယ်တန်းဆင့်နှင့် မူလတန်းဆင့်များ ဆက်လက်ဖွင့်လှစ်နိုင်ရေး စီစဉ်ချမှတ် လမ်းညွှန်ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

# အခြေခံ မူဝါဒများ

မည်သည့်ခွဲခြားမှုမျှ မရှိရေး

မည်သူတစ်ဦး တစ်ယောက်မျှ မကျန်ရှိရေး

ကျောင်းထွက်သူ မရှိရေး

# လူအချင်းချင်း စည်းလုံးညီညွတ်စွာ နေထိုင်နိုင်ရေးအတွက် အားပေးကူညီခြင်း


- အတူယှဉ်တွဲနေထိုင်ခြင်းကို တန်ဖိုးထားခြင်း
- ယဉ်ကျေးမှုဆိုင်ရာ မတူကွဲပြားမှုရှိခြင်းအပေါ် တန်ဖိုးထားခြင်း
- အတူလက်တွဲသင်ယူခြင်း၊ အတူစာဖတ်ခြင်း၊ အတူကစားခြင်း၊ အတူနေထိုင်ခြင်း

# ရည်မှန်းချက် ပန်းတိုင်များ၏ အဓိက တန်ဖိုးများ

| | |
|---|---|
| လူသားကောင်းဖြစ်မှု | • တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ချစ်ကြည်လေးစား၍ ရိုင်းပင်း ကူညီကာ အကြီးမားဆုံးသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင် ဖြေရှင်းကြမည်။ |
| ပူးပေါင်းဆောင်ရွက်တတ်မှု | • ရည်မှန်းချက်ပန်းတိုင် ပေါက်မြောက်အောင် ညီညီညွတ်ညွတ် ပူးပေါင်း ဆောင်ရွက်ကြမည်။ |
| တာဝန်ခံမှုနှင့် တာဝန်ယူမှု | • ပြည်သူများ၊ နိုင်ငံနှင့် ကမ္ဘာမြေကြီးအတွက် အလေးထား၍ အကောင်းဆုံး ဆောင်ရွက်ကြမည်။ |
| ဆန်းသစ်တီထွင်မှု | • သင်ယူ၍ ပိုမိုကောင်းမွန်သော နည်းလမ်းများ ရှာဖွေပြီး ပိုမို ကောင်းမွန်အောင် ဆောင်ရွက်ကြမည်။ |

## (၅)နှစ်တာ ကာလအတွင်း ရှမ်းပြည်နယ် အခြေခံပညာကျောင်းများ နှစ်အလိုက် တိုးတက်မှု စာရင်း

| စဉ် | ကျောင်းအဆင့် | တောင်ကြီးဒေသ | | | | | | လားရှိုးဒေသ | | | | | | ကျိုင်းတုံဒေသ | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ |
| ၁ | အထက | ၁၁၀ | ၁၁၁ | ၁၂၆ | ၁၃၇ | ၁၄၄ | ၁၅၁ | ၇၉ | ၈၁ | ၈၃ | ၈၇ | ၉၄ | ၁၀၆ | ၃၂ | ၃၃ | ၃၃ | ၃၄ | ၃၄ | ၃၇ |
| ၂ | အထက(ခွဲ) | ၆၆ | ၇၈ | ၇၂ | ၆၆ | ၁၁၃ | ၁၂၁ | ၄၆ | ၅၀ | ၅၃ | ၅၃ | ၆၂ | ၆၈ | ၇ | ၁၀ | ၁၃ | ၁၃ | ၁၅ | ၁၅ |
| **ထက်ဆင့်ပေါင်း** | | **၁၇၆** | **၁၈၉** | **၁၉၈** | **၂၀၃** | **၂၅၇** | **၂၇၂** | **၁၂၅** | **၁၃၁** | **၁၃၆** | **၁၄၀** | **၁၅၆** | **၁၇၄** | **၃၉** | **၄၃** | **၄၆** | **၄၇** | **၄၉** | **၅၂** |
| ၃ | အလက | ၅၀ | ၃၉ | ၁၀၅ | ၁၅၈ | ၁၇၅ | ၁၉၃ | ၅၈ | ၅၂ | ၆၁ | ၇၄ | ၇၆ | ၆၉ | ၂၀ | ၁၈ | ၂၃ | ၂၇ | ၃၀ | ၃၅ |
| ၄ | အလက(ခွဲ) | ၁၉၉ | ၂၃၆ | ၁၉၁ | ၁၇၀ | ၁၆၉ | ၂၀၃ | ၁၀၄ | ၁၁၆ | ၁၁၃ | ၁၂၃ | ၁၄၁ | ၁၅၂ | ၁၇ | ၂၂ | ၁၆ | ၂၄ | ၃၀ | ၃၆ |
| **လယ်ဆင့်ပေါင်း** | | **၂၄၉** | **၂၇၅** | **၂၉၆** | **၃၂၈** | **၃၄၄** | **၃၉၆** | **၁၆၂** | **၁၆၈** | **၁၇၄** | **၁၉၇** | **၂၁၇** | **၂၂၁** | **၃၇** | **၄၀** | **၃၉** | **၅၁** | **၆၀** | **၇၁** |
| ၅ | မူလွန် | ၃၀၄ | ၃၂၁ | ၃၅၁ | ၃၆၀ | ၄၀၂ | ၄၂၀ | ၂၃၇ | ၂၄၅ | ၂၄၅ | ၂၆၈ | ၃၀၄ | ၃၃၉ | ၇၂ | ၈၀ | ၈၈ | ၈၃ | ၈၇ | ၉၆ |
| ၆ | အမက | ၁၇၅၄ | ၁၇၃၀ | ၁၇၅၈ | ၁၇၈၅ | ၁၇၆၀ | ၁၆၉၅ | ၁၄၀၈ | ၁၃၉၄ | ၁၄၂၆ | ၁၄၄၂ | ၁၄၉၄ | ၁၄၈၀ | ၄၇၇ | ၄၇၀ | ၄၈၄ | ၄၉၇ | ၅၄၈ | ၅၅၆ |
| ၇ | အမက(ခွဲ) | ၂၈၁ | ၃၁၉ | ၂၇၀ | ၂၃၇ | ၁၈၉ | ၁၇၉ | ၂၉၃ | ၃၇၇ | ၃၈၂ | ၃၉၄ | ၃၃၇ | ၃၂၂ | ၁၆၂ | ၁၇၇ | ၁၉၁ | ၁၉၅ | ၁၇၅ | ၁၅၈ |
| ၈ | အမက(တွဲ) | ၂ | ၁ | ၁ | ၁ | ၂ | | ၄ | ၂ | ၂ | ၂ | ၄ | ၄ | ၁၄ | ၁၁ | ၆ | ၆ | ၆ | ၆ |
| **မူဆင့်ပေါင်း** | | **၂၃၄၁** | **၂၃၇၁** | **၂၃၈၀** | **၂၃၈၃** | **၂၃၅၃** | **၂၂၉၄** | **၁၉၄၂** | **၂၀၁၈** | **၂၀၅၅** | **၂၁၀၆** | **၂၁၃၉** | **၂၁၄၅** | **၇၂၅** | **၇၃၈** | **၇၆၉** | **၇၈၁** | **၈၁၆** | **၈၁၆** |
| **စုစုပေါင်း** | | **၂၇၆၆** | **၂၈၃၅** | **၂၈၇၄** | **၂၉၁၄** | **၂၉၅၄** | **၂၉၆၂** | **၂၂၂၉** | **၂၃၁၇** | **၂၃၆၅** | **၂၄၄၃** | **၂၅၁၂** | **၂၅၄၀** | **၈၀၁** | **၈၂၁** | **၈၅၄** | **၈၇၉** | **၉၂၅** | **၉၃၉** |




၂၀၁၅-၁၆ မှ ၂၀၂၀-၂၁ ကာလအတွင်း ထက်ဆင့်ကျောင်းပေါင်း ၁၅၈ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါသည်။


၂၀၁၅-၁၆ မှ ၂၀၂၀-၂၁ ကာလအတွင်း လယ်ဆင့်ကျောင်းပေါင်း ၂၄၀ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

၂၀၁၅-၁၆ မှ ၂၀၂၀-၂၁ ကာလအတွင်း မူဆင့်ကျောင်းပေါင်း ၂၄၇ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

**စုစုပေါင်း** ၆၄၅ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါသည်။


## (၅)နှစ်တာ ကာလအတွင်း ရှမ်းပြည်နယ်  နှစ်အလိုက် ကျောင်းများအဆင့်တိုးပေးနိုင်မှု အခြေအနေ

| စဉ် | ကျောင်းအဆင့် | တောင်ကြီးဒေသ | | | | | | လားရှိုးဒေသ | | | | | | ကျိုင်းတုံဒေသ | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ |
| ၁ | အထက | ၃ | ၁ | ၁၅ | ၁၁ | ၇ | ၇ | ၂ | ၂ | ၂ | ၄ | ၇ | ၁၂ | ၂ | ၁ | | ၁ | | ၃ |
| ၂ | အထက(ခွဲ) | ၂၀ | ၁၃ | ၉ | ၅ | ၅၄ | ၁၅ | ၄ | ၆ | ၅ | ၄ | ၁၆ | ၁၈ | ၃ | ၄ | ၃ | ၁ | ၂ | ၃ |
| **ထက်ဆင့်ပေါင်း** | | **၂၃** | **၁၄** | **၂၄** | **၁၆** | **၆၁** | **၂၂** | **၆** | **၈** | **၇** | **၈** | **၂၃** | **၃၀** | **၅** | **၅** | **၃** | **၂** | **၂** | **၆** |
| ၃ | အလက | ၉ | ၂ | ၇၅ | ၅၈ | ၇၁ | ၃၃ | ၄ | | ၁၄ | ၁၇ | ၁၈ | ၁၁ | ၄ | ၁ | ၈ | ၅ | ၅ | ၉ |
| ၄ | အလက(ခွဲ) | ၇၀ | ၃၉ | ၃၀ | ၃၇ | ၇၀ | ၆၇ | ၁၄ | ၁၂ | ၁၁ | ၂၇ | ၃၆ | ၂၂ | ၆ | ၅ | ၂ | ၁၃ | ၁၁ | ၁၅ |
| **လယ်ဆင့်ပေါင်း** | | **၇၉** | **၄၁** | **၁၀၅** | **၉၅** | **၁၄၁** | **၁၀၀** | **၁၈** | **၁၂** | **၂၅** | **၄၄** | **၅၄** | **၃၃** | **၁၀** | **၆** | **၁၀** | **၁၈** | **၁၆** | **၂၄** |
| ၅ | မူလွန် | ၅၉ | ၅၆ | ၆၀ | ၄၆ | ၁၁၂ | ၈၅ | ၂၂ | ၂၀ | ၁၁ | ၅၀ | ၇၂ | ၅၇ | ၈ | ၁၃ | ၁၀ | ၈ | ၁၅ | ၂၄ |
| ၆ | အမက | ၃၀ | ၃၂ | ၈၈ | ၇၃ | ၈၆ | ၄၁ | ၃၃ | ၆ | ၄၃ | ၆၆ | ၁၂၄ | ၄၁ | ၁၃ | ၈ | ၂၄ | ၂၁ | ၆၆ | ၃၂ |
| ၇ | အမက(ခွဲ) | ၅၁ | ၆၇ | ၃၆ | ၄၁ | ၃၈ | ၃၁ | ၉၃ | ၉၀ | ၄၈ | ၇၄ | ၆၇ | ၂၆ | ၃၁ | ၂၂ | ၃၈ | ၂၅ | ၄၆ | ၁၅ |
| ၈ | အမက(တွဲ) | | | | | | | | | | | | | | | | | | |
| **မူဆင့်ပေါင်း** | | **၁၄၀** | **၁၅၅** | **၁၈၄** | **၁၆၀** | **၂၃၆** | **၁၅၇** | **၁၄၈** | **၁၁၆** | **၁၀၂** | **၁၉၀** | **၂၆၃** | **၁၂၄** | **၅၂** | **၄၃** | **၇၂** | **၅၄** | **၁၂၇** | **၇၁** |
| **စုစုပေါင်း** | | **၂၄၂** | **၂၁၀** | **၃၁၃** | **၂၇၁** | **၄၃၈** | **၂၇၉** | **၁၇၂** | **၁၃၆** | **၁၃၄** | **၂၄၂** | **၃၄၀** | **၁၈၇** | **၆၇** | **၅၄** | **၈၅** | **၇၄** | **၁၄၅** | **၁၀၁** |



# (၅)နှစ်တာ ကာလအတွင်း ရှမ်းပြည်နယ် နှစ်အလိုက် ကိုယ်ပိုင်ကျောင်းများ တိုးတက်မှု စာရင်း

| စဉ် | ကျောင်းအဆင့် | တောင်ကြီးဒေသ | | | | | | လားရှိုးဒေသ | | | | | | ကျိုင်းတုံဒေသ | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ |
| ၁ | ထက်ဆင့် | ၁၄ | ၂၁ | ၂၈ | ၄၂ | ၄၅ | ၄၈ | ၁၄ | ၂၂ | ၃၃ | ၄၄ | ၄၈ | ၅၁ | ၂ | ၃ | ၄ | ၆ | ၅ | ၇ |
| ၂ | လယ်ဆင့် | ၂ | ၃ | ၄ | ၃ | ၄ | ၄ | ၄ | ၆ | ၆ | ၉ | ၈ | ၈ | | | | | ၁ | ၁ |
| ၃ | မူဆင့် | ၂ | | ၅ | ၅ | ၇ | ၁၀ | ၂ | ၁ | ၃ | ၄ | ၈ | ၁၁ | | ၁ | ၁ | ၂ | ၁ | ၂ |
| စုစုပေါင်း | | ၁၈ | ၂၄ | ၃၇ | ၅၀ | ၅၆ | ၆၂ | ၂၀ | ၂၉ | ၄၂ | ၅၇ | ၆၄ | ၇၀ | ၂ | ၄ | ၅ | ၈ | ၇ | ၁၀ |




၂၀၁၅-၁၆ မှ ၂၀၂၀-၂၁ ကာလအတွင်း ထက်ဆင့်သင်(ကိုယ်ပိုင်)ကျောင်းပေါင် ၆၀ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါသည်။


၂၀၁၅-၁၆ မှ ၂၀၂၀-၂၁ ကာလအတွင်း လယ်ဆင့်သင်(ကိုယ်ပိုင်)ကျောင်းပေါင် ၄ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

၂၀၁၅-၁၆ မှ ၂၀၂၀-၂၁ ကာလအတွင်း မူဆင့်သင်(ကိုယ်ပိုင်)ကျောင်းပေါင်း ၂၁ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

**စုစုပေါင်း** ၈၅ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

## (၅)နှစ်တာ ကာလအတွင်း ရှမ်းပြည်နယ် နှစ်အလိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဖွင့်လှစ်မှု စာရင်း

| စဉ် | ကျောင်းအဆင့် | တောင်ကြီးဒေသ | | | | | | လားရှိုးဒေသ | | | | | | ကျိုင်းတုံဒေသ | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ |
| ၁ | မူ | ၂၇ | ၁၆ | ၁၆ | ၁၅ | ၁၆ | ၁၆ | ၂၂ | ၂၄ | ၂၆ | ၂၆ | ၂၂ | ၂၂ | ၁၄ | ၁၄ | ၁၄ | ၁၄ | ၁၃ | ၁၃ |
| ၂ | မူလွန် | ၃ | ၁၃ | ၁၃ | ၁၃ | ၁၆ | ၁၆ | ၁၇ | ၁၅ | ၁၄ | ၁၄ | ၁၆ | ၁၆ | | ၃ | ၃ | ၄ | ၅ | ၅ |
| စုစုပေါင်း | | ၃၀ | ၂၉ | ၂၉ | ၂၈ | ၃၂ | ၃၂ | ၃၉ | ၃၉ | ၄၀ | ၄၀ | ၃၈ | ၃၈ | ၁၄ | ၁၇ | ၁၇ | ၁၈ | ၁၈ | ၁၈ |




၂၀၁၅-၁၆ မှ ၂၀၂၀-၂၁ ကာလအတွင်း မူဆင့်သင့် ဘုန်းတော်ကြီးသင် ကျောင်းပေါင် -၁၂ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါသည်။


၂၀၁၅-၁၆ မှ ၂၀၂၀-၂၁ ကာလအတွင်း မူလွန်ဆင့်သင့် ဘုန်းတော်ကြီးသင် ကျောင်း‌ေ ၁၇ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

**စုစုပေါင်း** ၅ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

## (၅)နှစ်တာ ကာလအတွင်း ရှမ်းပြည်နယ်အတွင်းရှိ နှစ်အလိုက် ဆရာအင်အားစာရင်း

| စဉ် | ရာထူးအမည် | ၂၀၁၅-၂၀၁၆ | | | ၂၀၁၆-၂၀၁၇ | | | ၂၀၁၇-၂၀၁၈ | | | ၂၀၁၈-၂၀၁၉ | | | ၂၀၁၉-၂၀၂၀ | | | ၂၀၂၀-၂၀၂၁ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ခွင့်ပြု | ခန့်ထား | လစ်လပ် | ခွင့်ပြု | ခန့်ထား | လစ်လပ် | ခွင့်ပြု | ခန့်ထား | လစ်လပ် | ခွင့်ပြု | ခန့်ထား | လစ်လပ် | ခွင့်ပြု | ခန့်ထား | လစ်လပ် | ခွင့်ပြု | ခန့်ထား | လစ်လပ် |
| ၁ | အထက်တန်းကျောင်းအုပ် | ၂၁၄ | ၂၀၀ | ၁၄ | ၂၁၆ | ၂၀၀ | ၁၆ | ၂၃၃ | ၂၁၉ | ၁၄ | ၂၄၉ | ၂၄၈ | ၁ | ၂၆၃ | ၂၂၉ | ၃၄ | ၂၇၈ | ၂၁၄ | ၆၄ |
| ၂ | အလယ်တန်းကျောင်းအုပ် | ၂၄၅ | ၂၄၂ | ၃ | ၂၄၅ | ၂၂၉ | ၁၆ | ၃၂၅ | ၁၈၈ | ၁၃၇ | ၃၈၉ | ၃၈၈ | ၁ | ၄၆၈ | ၃၂၆ | ၁၄၂ | ၄၇၃ | ၄၃၈ | ၃၅ |
| ၃ | မူလတန်းကျောင်းအုပ် | ၄၅၅၉ | ၃၆၈၇ | ၈၇၂ | ၄၆၁၄ | ၃၅၆၅ | ၁၀၄၉ | ၃၉၂၃ | ၃၀၅၀ | ၈၇၃ | ၂၀၂၀-၂၀ | ၄၂၄၁ | ၅၁၁ | ၄၉၃၅ | ၄၄၆၅ | ၄၇၀ | ၄၉၉၀ | ၄၃၇၆ | ၆၁၄ |
| ၄ | အထက်တန်းပြ | ၃၂၇၈ | ၂၉၀၂ | ၃၇၆ | ၃၄၄၃ | ၂၉၅၆ | ၄၈၇ | ၃၆၄၇ | ၃၀၇၄ | ၅၇၃ | ၃၇၉၉ | ၃၃၀၅ | ၄၉၄ | ၄၃၇၃ | ၃၄၁၃ | ၉၆၀ | ၄၅၉၃ | ၃၃၃၇ | ၁၂၅၆ |
| ၅ | အထက်တန်းပြ(ကာယ) | ၂၂၁ | ၈၉ | ၁၃၂ | ၂၂၅ | ၇၇ | ၁၄၈ | ၂၄၂ | ၉၁ | ၁၅၁ | ၂၅၈ | ၇၆ | ၁၈၂ | ၂၇၂ | ၆၅ | ၂၀၇ | ၂၈၇ | ၆၃ | ၂၂၄ |
| ၆ | အလယ်တန်းပြ | ၇၀၁၂ | ၆၅၃၂ | ၄၈၀ | ၈၀၃၀ | ၇၀၈၉ | ၉၄၁ | ၈၅၅၃ | ၇၆၄၁ | ၉၁၂ | ၉၂၂၂ | ၈၁၀၁ | ၁၁၂၁ | ၁၀၂၃၆ | ၈၆၃၀ | ၁၆၀၆ | ၁၀၅၈၉ | ၈၅၆၂ | ၂၀၂၇ |
| ၇ | အလယ်တန်းပြ(ကာယ) | ၂၄၇ | ၇၀ | ၁၇၇ | ၂၄၇ | ၇၀ | ၁၇၇ | ၃၂၇ | ၄၈ | ၂၇၉ | ၃၉၁ | ၄၆ | ၃၄၅ | ၄၇၀ | ၇၉ | ၃၉၁ | ၄၆၄ | ၇၇ | ၃၈၇ |
| ၈ | အလယ်တန်းပြ(မူတာဝန်) | ၄၃၆၄ | ၄၀၈၉ | ၂၇၅ | ၄၃၃၄ | ၄၀၆၇ | ၂၆၇ | ၄၃၃၄ | ၃၉၃၃ | ၄၀၁ | ၄၂၉၆ | ၃၇၃၉ | ၅၅၇ | ၄၂၉၅ | ၃၅၆၉ | ၇၂၆ | ၄၂၉၃ | ၃၄၆၇ | ၈၂၆ |
| ၉ | မူလတန်းပြ | ၁၆၅၁၂ | ၁၄၂၀၇ | ၂၃၀၅ | ၁၉၆၄၃ | ၁၆၁၆၅ | ၃၄၇၈ | ၁၉၉၈၇ | ၁၈၇၁၂ | ၁၂၇၅ | ၂၁၀၂၉ | ၁၇၈၇၉ | ၃၁၅၀ | ၂၁၈၀၀ | ၁၆၇၉၀ | ၅၀၂၀ | ၂၂၂၁၀ | ၁၆၇၃၁ | ၅၄၇၉ |
| ၁၀ | မူလတန်းပြ(နေ့စား) | ၂၈၈၆ | ၂၇၇၅ | ၁၁၁ | ၄၂၈၅ | ၄၂၈၅ | | ၃၆၅ | ၃၆၅ | | ၂၈ | ၂၈ | | ၂၃ | ၂၃ | | ၁ | ၁ | |
| **စုစုပေါင်း** | | **၃၉၅၃၈** | **၃၄၇၉၃** | **၄၇၄၅** | **၄၅၂၈၂** | **၃၈၇၀၃** | **၆၅၇၉** | **၄၁၉၃၆** | **၃၇၃၂၁** | **၄၆၁၅** | **၃၉၆၆၁** | **၃၈၀၅၁** | **၆၃၆၂** | **၄၇၁၄၅** | **၃၇၅၈၉** | **၉၅၅၆** | **၄၈၁၇၈** | **၃၇၂၆၆** | **၁၀၉၁၂** |


၂၀၁၅-၂၀၁၆ မှ ၂၀၂၀-၂၁ ပညာသင်နှစ်အတွင်း တိုးတက်လာခဲ့သော ဆရာအင်အား၊ ၂၄၇၃ ဦးတိုးတက်လာခဲ့ပါသည်။



(၅)နှစ်တာ ကာလအတွင်း ရှမ်းပြည်နယ်အတွင်းရှိ နှစ်အလိုက် ကျောင်းသား/ကျောင်းသူစာရင်း

| စဉ် | ၂၀၁၅-၂၀၁၆ ပညာသင်နှစ် | | | | | ၂၀၁၆-၂၀၁၇ ပညာသင်နှစ် | | | | | ၂၀၁၇-၂၀၁၈ ပညာသင်နှစ် | | | | | ၂၀၁၈-၂၀၁၉ ပညာသင်နှစ် | | | | | ၂၀၁၉-၂၀၂၀ ပညာသင်နှစ် | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | အခြေခံ ပညာကျောင်း | ကျောင်းခွဲ | တွဲဖက် | မူလွန်ကျောင်း | စုစုပေါင်း | အခြေခံ ပညာကျောင်း | ကျောင်းခွဲ | တွဲဖက် | မူလွန်ကျောင်း | စုစုပေါင်း | အခြေခံ ပညာကျောင်း | ကျောင်းခွဲ | တွဲဖက် | မူလွန်ကျောင်း | စုစုပေါင်း | အခြေခံ ပညာကျောင်း | ကျောင်းခွဲ | တွဲဖက် | မူလွန်ကျောင်း | စုစုပေါင်း | အခြေခံ ပညာကျောင်း | ကျောင်းခွဲ | တွဲဖက် | မူလွန်ကျောင်း | စုစုပေါင်း |
| ၁ | | | | | | ၁၃၄၉၉၈ | ၁၄၂၀၂ | ၈၆ | | **၁၄၉၂၈၆** | ၁၀၇၃၃၅ | ၉၁၁၇ | ၃ | | **၁၁၆၄၅၅** | ၁၀၀၃၉၉ | | ၈၄၈၈ | ၄ | **၁၀၈၈၉၁** | ၉၆၇၄၃ | ၇၄၄၆ | ၈၁ | | **၁၀၄၂၇၀** |
| ၂ | ၁၃၂၆၄၃ | ၁၃၀၅၇ | ၁၂၄ | | **၁၄၅၈၂၄** | | | | | | ၁၃၃၄၂၈ | ၁၀၄၀၃ | ၂ | | **၁၄၃၈၃၃** | ၁၁၀၂၀၀ | | ၉၅၂၃ | ၃ | **၁၁၉၇၂၆** | ၁၀၆၂၄၂ | ၇၅၈၈ | ၄၇ | | **၁၁၃၈၇၇** |
| ၃ | ၁၀၂၃၇၃ | ၈၂၇၀ | ၈၀ | | **၁၁၀၇၂၃** | ၁၀၃၉၈၆ | ၈၈၇၁ | ၂၅ | | **၁၁၂၈၈၂** | | | | | | ၁၁၂၂၀၉ | | ၈၅၂၈ | ၂ | **၁၂၀၇၃၉** | ၁၀၁၅၈၀ | ၆၄၆၂ | ၂၅ | | **၁၀၈၀၆၇** |
| ၄ | ၉၂၃၉၃ | ၅၉၈၅ | ၂၀ | | **၉၈၃၉၉** | ၉၁၅၁၂ | ၆၇၈၁ | ၂၇ | | **၉၈၃၂၀** | ၉၈၀၃၈ | ၅၅၉၅ | ၆ | | **၁၀၃၆၃၉** | | | | | | ၁၁၄၂၃၉ | ၅၃၄၀ | ၇ | | **၁၁၉၅၈၆** |
| ၅ | ၈၆၀၃၁ | ၄၃၆၈ | ၁၂ | | **၉၀၄၁၁** | ၈၃၇၈၁ | ၅၁၅၁ | ၅ | | **၈၈၉၃၇** | ၈၆၇၄၀ | ၃၈၇၁ | | | **၉၀၆၁၁** | ၉၂၁၇၉ | | ၄၃၉၁ | | **၉၆၅၇၀** | | | | | |
| ၆ | ၇၄၄၂၈ | ၂၇၄၉ | ၃ | | **၇၇၁၈၀** | ၇၄၂၁၉ | ၃၃၈၈ | ၃ | | **၇၇၆၁၀** | ၇၇၈၀၁ | ၂၆၄၁ | ၁ | | **၈၀၄၄၃** | ၈၀၈၈၃ | | ၂၇၀၈ | | **၈၃၅၉၁** | ၈၆၀၈၇ | ၂၆၄၃ | ၁ | | **၈၈၇၃၁** |
| မူဆင့်ပေါင်း | **၄၈၈၈၆၆** | **၃၄၄၃၀** | **၂၄၁** | | **၅၂၃၅၃၇** | **၄၈၈၄၉၆** | **၃၈၃၉၃** | **၁၄၆** | | **၅၂၇၀၃၅** | **၅၀၃၃၄၂** | **၃၁၆၂၇** | **၁၂** | | **၅၃၄၉၈၁** | **၅၀၅၈၇၀** | | **၃၃၆၃၈** | **၉** | **၅၃၉၅၁၇** | **၅၀၄၈၉၁** | **၂၉၄၇၉** | **၁၆၁** | | **၅၃၄၅၃၁** |
| ၇ | ၃၉၄၃၅ | ၁၁၄၁၉ | | ၁၁၃၉၁ | **၆၂၂၄၅** | ၄၀၈၄၆ | ၁၃၀၁၉ | | ၁၁၁၇၂ | **၆၅၀၃၇** | ၄၅၇၆၈ | ၁၀၉၀၀ | | ၁၁၃၇၈ | **၆၈၀၄၆** | ၄၇၇၃၃ | ၁၂၀၀၅ | ၉၉၈၅ | | **၆၉၇၂၃** | ၄၈၉၆၁ | ၁၀၀၁၇ | | ၁၂၈၁၁ | **၇၁၇၈၉** |
| ၈ | ၃၉၈၈၁ | ၁၀၇၂၀ | | ၈၉၀၆ | **၅၉၅၀၇** | ၃၇၅၇၈ | ၁၁၃၇၈ | | ၈၀၂၈ | **၅၆၉၈၄** | ၄၂၈၈၅ | ၉၃၄၃ | | ၈၄၆၁ | **၆၀၆၈၉** | ၄၅၉၄၈ | ၈၆၆၇ | ၈၇၄၁ | | **၆၃၃၅၆** | ၄၇၀၆၁ | ၈၈၅၁ | ၈၇၉၃ | | **၆၄၇၀၅** |
| ၉ | ၃၈၆၆၂ | ၈၈၇၁ | | ၅၅၅၂ | **၅၃၀၈၅** | ၃၉၂၉၉ | ၁၀၄၅၇ | | ၄၇၉၇ | **၅၄၅၅၃** | ၃၉၉၂၀ | ၇၉၅၃ | | ၄၈၁၆ | **၅၂၆၈၉** | ၄၃၃၁၁ | ၅၄၃၉ | ၇၂၂၃ | | **၅၅၉၇၃** | ၄၄၉၇၈ | ၇၂၂၃ | | ၅၄၈၇ | **၅၇၉၈၈** |
| ၁၀ | ၃၆၇၆၅ | ၆၀၁၇ | | | **၄၂၇၈၂** | ၃၇၂၀၂ | ၇၇၀၁ | | | **၄၄၉၀၃** | ၄၁၈၁၉ | ၆၄၈၉ | | | **၄၈၃၀၈** | ၄၁၆၃၈ | | | | **၄၇၅၀၇** | ၄၄၂၀၅ | ၅၈၈၃ | | | **၅၀၀၈၈** |
| လယ်ဆင့်ပေါင်း | **၁၅၄၇၄၃** | **၃၇၀၂၇** | | **၂၅၈၄၉** | **၂၁၇၆၁၉** | **၁၅၄၉၂၅** | **၄၂၅၅၅** | | **၂၃၉၉၇** | **၂၂၁၄၇၇** | **၁၇၀၃၉၂** | **၃၄၆၈၅** | | **၂၄၆၅၅** | **၂၂၉၇၃၂** | **၁၇၈၆၃၀** | **၂၆၁၁၁** | **၃၁၈၁၈** | | **၂၃၆၅၅၉** | **၁၈၅၂၀၅** | **၃၂၂၇၄** | **၈၇၉၃** | **၁၈၂၉၈** | **၂၄၄၅၇၀** |
| ၁၁ | ၂၉၅၃၅ | ၅၀၆၉ | | | **၃၄၆၀၄** | ၃၀၅၈၆ | ၆၄၅၈ | | | **၃၇၀၄၄** | ၃၂၅၃၇ | ၆၇၈၂ | | | **၃၉၃၁၉** | ၃၃၉၁၅ | | ၆၃၁၉ | | **၄၀၂၃၄** | ၃၁၀၁၀ | ၆၈၀၆ | | | **၃၇၈၁၆** |
| ၁၂ | ၂၂၄၀၂ | ၃၀၇၆ | | | **၂၅၄၇၈** | ၂၃၃၂၄ | ၃၈၀၇ | | | **၂၇၁၃၁** | ၂၆၈၉၂ | ၄၅၃၉ | | | **၃၁၄၃၁** | ၂၇၃၉၈ | | ၄၄၈၅ | | **၃၁၈၈၃** | ၃၀၅၆၇ | ၄၅၈၂ | | | **၃၅၁၄၉** |
| ထက်ဆင့်ပေါင်း | **၅၁၉၃၇** | **၈၁၄၅** | | | **၆၀၀၈၂** | **၅၃၉၁၀** | **၁၀၂၆၅** | | | **၆၄၁၇၅** | **၅၉၄၂၉** | **၁၁၃၂၁** | | | **၇၀၇၅၀** | **၆၁၃၁၃** | | **၁၀၈၀၄** | | **၇၂၁၁၇** | **၆၁၅၇၇** | **၁၁၃၈၈** | | | **၇၂၉၆၅** |
| မူ/လယ်/ထက် | **၆၉၅၄၄၆** | **၇၉၆၀၂** | **၂၄၁** | **၂၅၈၄၉** | **၈၀၁၂၃၈** | **၆၉၇၃၃၁** | **၉၁၂၂၃** | **၁၄၆** | **၂၃၉၉၇** | **၈၁၂၆၉၇** | **၇၃၃၁၆၃** | **၇၇၆၃၃** | **၁၂** | **၂၄၆၅၅** | **၈၃၅၄၆၃** | **၇၄၅၈၁၃** | **၂၆၁၁၁** | **၇၆၂၆၀** | **၉** | **၈၄၈၁၉၃** | **၇၅၁၆၇၃** | **၇၃၁၄၁** | **၈၉၅၄** | **၁၈၂၉၈** | **၈၅၂၀၆၆** |

၂၀၁၅-၂၀၁၆ မှ ၂၀၂၀-၂၁ ပညာသင်နှစ်အတွင်း တိုးတက်လာခဲ့သော ကျောင်းသား: **၅၀၈၂၈** ဦးတိုးတက်လာခဲ့ပါသည်။




(၅)နှစ်တာ ကာလအတွင်း ရှမ်းပြည်နယ်အတွင်းရှိ နှစ်အလိုက် ဆရာ ကျောင်းသား အချိုး

| စဉ် | အဆင့် | ၂၀၁၅-၂၀၁၆ ပညာသင်နှစ် | ၂၀၁၆-၂၀၁၇ ပညာသင်နှစ် | ၂၀၁၇-၂၀၁၈ ပညာသင်နှစ် | ၂၀၁၈-၂၀၁၉ ပညာသင်နှစ် | ၂၀၁၉-၂၀၂၀ ပညာသင်နှစ် |
|---|---|---|---|---|---|---|
| ၁ | ထက်ဆင့် | ၁:၂၀ | ၁:၂၁ | ၁:၂၂ | ၁:၂၁ | ၁:၂၁ |
| ၂ | လယ်ဆင့် | ၁:၂၀ | ၁:၂၀ | ၁:၂၀ | ၁:၂၀ | ၁:၂၀ |
| ၃ | မူဆင့် | ၁:၃၁ | ၁:၂၆ | ၁:၂၈ | ၁:၃၀ | ၁:၃၂ |

(၅)နှစ်တာ ကာလအတွင်း ရှမ်းပြည်နယ်  နှစ်အလိုက် ငွေလုံငွေရင်း ရန်ပုံငွေဖြင့် ဆောက်လုပ်ထားသည့် (စာသင်ဆောင်+ သိပ္ပံ/စာကြည့်တိုက်/ ဝန်ထမ်းအိမ်ယာ/ အခြား အဆောက်အဦးစာရင်း(ကျပ်သန်း)

| စဉ် | ပြည်နယ်/တိုင်း | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အဆောက်အဦ ဦးရေ | ရန်ပုံငွေ | အဆောက်အဦ ဦးရေ | ရန်ပုံငွေ | အဆောက်အဦ ဦးရေ | ရန်ပုံငွေ | အဆောက်အဦ ဦးရေ | ရန်ပုံငွေ | အဆောက်အဦ ဦးရေ | ရန်ပုံငွေ | အဆောက်အဦ ဦးရေ | ရန်ပုံငွေ |
| ၁ | တောင်ကြီးဒေသ | ၂၇၉ | ၇၅၄၂. | ၁၉၄ | ၆၄၂၉.၄၂ | ၁၂၂ | ၅၇၅၁.၅ | ၂၅၃ | ၁၂၇၆၇.၉၆၃ | ၂၁၁ | ၁၁၉၉၆.၈၅ | ၂၆၆ | ၁၁၀၃၁.၈၂၅ |
| ၂ | လားရှိုးဒေသ | ၁၆၁ | ၅၄၉၀. | ၁၀၆ | ၄၀၆၆.၇ | ၁၂၁ | ၄၉၆၅.၂ | ၁၉၉ | ၉၁၆၃.၅၁၂ | ၁၄၀ | ၈၇၅၀.၂၇ | ၂၁၉ | ၉၄၅၄.၇ |
| ၃ | ကျိုင်းတုံဒေသ | ၈၉ | ၂၄၄၆. | ၃၈ | ၁၄၁၄.၁၅ | ၂၂ | ၂၀၂၈.၃ | ၅၁ | ၃၄၅၁.၉၂ | ၃၇ | ၃၉၆၉.၈၄ | ၂၁၅ | ၁၀၀၁၂.၀၉၅ |
| ရှမ်းပြည်နယ်ချုပ် | | ၅၂၉ | ၁၅၄၇၈. | ၃၃၈ | ၁၁၉၁၀.၂၇ | ၂၆၅ | ၁၂၇၄၅.၀၀၀ | ၅၀၃ | ၂၅၃၈၃.၃၉၅ | ၃၈၈ | ၂၄၇၁၆.၉၆၄ | ၇၀၀ | ၃၀၄၉၈.၆၂၀ |





ဘဏ္ဍာနှစ်အလိုက် အဆောက်အဦဦးရေ ရန်ပုံငွေ ဦးရေ တိုးတက်လာခဲ့ပါသည် ။

**(၅)နှစ်တာ ကာလအတွင်း ရှမ်းပြည်နယ်  နှစ်အလိုက် ကျောင်းထောက်ပံ့ကြေး ရရှိမှု စာရင်း(SIF) (ကျပ်သန်း)**

| စဉ် | ပြည်နယ်/တိုင်း | ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ် | ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ် | ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ် | ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် | ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် | ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် |
|---|---|---|---|---|---|---|---|
| ၁ | တောင်ကြီးဒေသ | ၂၇၄၁.၉၅၀၃၅ | ၂၉၄၀.၅၂ | ၂၉၃၈.၃၁၇၅ | ၂၉၇၃.၈၂ | ၃၀၁၁.၂၅ | ၃၀၃၁.၉၄ |
| ၂ | လားရှိုးဒေသ | ၂၁၀၅.၈၁၆၉၅ | ၂၂၂၉.၇၉၇၅ | ၂၂၇၉.၀၇၅ | ၂၃၂၁.၅၄၇၅ | ၂၄၀၀.၅၂၂၅ | ၂၄၀၇.၈၂၂၅ |
| ၃ | ကျိုင်းတုံဒေသ | ၆၂၅.၇၇၉၅ | ၆၈၅.၅၄ | ၇၁၅.၈၁၂၅ | ၇၂၄.၅၄ | ၇၇၅.၆၂၂၅ | ၇၇၅.၆၂၂၅ |
| **ရှမ်းပြည်နယ်ချုပ်** | | **၅၄၇၃.၅၄၆၈** | **၅၈၅၅.၈၅၇၅** | **၅၉၃၃.၂၀၅** | **၆၀၁၉.၉၀၇၅** | **၆၁၈၇.၃၉၅** | **၆၂၁၅.၃၈၅** |

ဘဏ္ဍာနှစ်အလိုက် ကျောင်းထောက်ပံ့ကြေး ရန်ပုံငွေ တိုးတက်ရရှိလာခဲ့ပါသည်။



(၅)နှစ်တာ ကာလအတွင်း ရှမ်းပြည်နယ်  နှစ်အလိုက် စီမံကိန်း မြို့နယ်များသို့ ပညာသင်ထောက်ပံ့ကြေး စီမံကိန်းမြို့နယ်များသို့ ချီးမြှင့်သည့် စာရင်း(ကမ္ဘာ့ဘဏ်+ပညာရေးဝန်ကြီးဌာန)

| စဉ် | ပြည်နယ်/တိုင်း | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ကျောင်းသားဦးရေ (မူ+လယ်+ထက်) | ထောက်ပံ့ငွေ | ကျောင်းသားဦးရေ (မူ+လယ်+ထက်) | ထောက်ပံ့ငွေ | ကျောင်းသားဦးရေ (မူ+လယ်+ထက်) | ထောက်ပံ့ငွေ | ကျောင်းသားဦးရေ (မူ+လယ်+ထက်) | ထောက်ပံ့ငွေ | ကျောင်းသားဦးရေ (မူ+လယ်+ထက်) | ထောက်ပံ့ငွေ |
| ၁ | တောင်ကြီးဒေသ | ၁၅၄၅၀ | ၁၂၀၁.၉၂ | ၁၇၆၅၄ | ၁၄၇၉.၁၁ | ၁၉၈၉၉ | ၁၅၇၆.၀၅ | ၁၉၈၉၉ | ၁၆၁၁.၉၅၄ | ၂၀၆၅၂ | ၁၂၇၃.၀၃၆ |
| ၂ | လားရှိုးဒေသ | ၁၄၅၂ | ၇၂.၅၆ | ၁၄၅၂ | ၇၂.၅၆ | ၂၂၀၅ | ၁၀၀.၉၈ | ၂၅၅၆ | ၁၂၉.၅၈ | ၂၅၅၆ | ၁၂၉.၅၈ |
| ၃ | ကျိုင်းတုံဒေသ | ၃၂၃၆ | ၂၅၂.၃ | ၄၀၉၂ | ၃၁၇.၁၉ | ၅၁၀၆ | ၃၉၃.၉၅ | ၅၁၈၅ | ၃၉၉.၃၉ | ၅၇၅၂ | ၃၂၃.၂၄ |
| **ရှမ်းပြည်နယ်ချုပ်** | | **၂၀၁၃၈** | **၁၅၂၆.၇၈** | **၂၃၁၉၈** | **၁၈၆၈.၈၆** | **၂၇၂၁၀** | **၂၀၇၀.၉၈** | **၂၇၆၄၀** | **၂၁၄၀.၉၂** | **၂၈၉၆၀** | **၁၇၂၅.၈၆** |


စီမံကိန်းမြို့နယ်များ တောင်ကြီး ၊ ကလော ၊ ဖယ်ခုံ ၊ မိုင်းရယ် ၊ ကျိုင်းတုံ ၊ မိုင်းပျဉ်း ၊ မိုင်းဆတ်

မူဆင့် တစ်လလျှင် (၅၀၀၀)ကျပ် နှုန်း ဇွန်လ မှ မတ်လ အထိ (၁၀)လ

လယ်ဆင့် တစ်လလျှင် (၈၀၀၀)ကျပ် နှုန်းဇွန်လ မှ မတ်လ အထိ (၁၀)လ

ထက်ဆင့် တစ်လလျှင် (၁၀၀၀၀)ကျပ် နှုန်းဇွန်လ မှ မတ်လ အထိ (၁၀)လ


ပညာသင်ထောက်ပံ့ကြေးကို ခံစားသည့် ကျောင်းသား/သူဦးရေ ပညာသင်နှစ်အလိုက် တိုးတက်လာသည်ကို တွေ့ရပါသည်။



## (၅)နှစ်တာ ကာလအတွင်း ရှမ်းပြည်နယ် နှစ်အလိုက် အခမဲ့ပညာရေး(ကျောင်းသုံးဗလာစာအုပ်)ထောက်ပံ့မှု အကောင်အထည်ဖော်ခြင်း

| စဉ် | ပြည်နယ်/တိုင်း | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် |
|---|---|---|---|---|---|---|
| | | ဦးရေ(ဒါဇင်) | ဦးရေ(ဒါဇင်) | ဦးရေ(ဒါဇင်) | ဦးရေ(ဒါဇင်) | ဦးရေ(ဒါဇင်) |
| ၁ | တောင်ကြီးဒေသ | ၁၂၄၇၈၇ | ၁၀၄၈၂၀ | ၁၀၅၉၈၅ | ၁၀၈၂၄၁ | ၄၁၆၁၄၆ |
| ၂ | လားရှိုးဒေသ | ၁၁၀၈၂၇ | ၉၅၇၈၅ | ၇၉၃၅၂ | ၁၀၂၉၁၆ | ၂၉၉၉၄၁ |
| ၃ | ကျိုင်းတုံဒေသ | ၂၉၉၅၃ | ၂၇၄၈၀ | ၂၈၉၈၇ | ၃၀၄၇၄ | ၆၀၉၄၄ |
| ရှမ်းပြည်နယ်ချုပ် | | ၂၆၅၅၆၇ | ၂၂၈၀၈၅ | ၂၁၄၃၂၃ | ၂၄၁၆၃၁ | ၇၇၇၀၃၁ |


ပညာသင်နှစ်အလိုက် အခမဲ့ ကျောင်းသုံးဗလာစာအုပ်များကို ပိုမိုတိုးတက်စွာ ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။



## (၅)နှစ်တာ ကာလအတွင်း ရှမ်းပြည်နယ်  နှစ်အလိုက် အခမဲ့ပညာရေး(ကျောင်းသုံးပုံနှိပ်ဖတ်စာအုပ်)ထောက်ပံ့မှု အကောင်အထည်ဖော်ခြင်း

| စဉ် | ပြည်နယ်/တိုင်း | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် |
|---|---|---|---|---|---|---|
| | | ဦးရေ(အစုံ) | ဦးရေ(အစုံ) | ဦးရေ(အစုံ) | ဦးရေ(အစုံ) | ဦးရေ(အစုံ) |
| ၁ | တောင်ကြီးဒေသ | ၁၂၅၅၆၁၀ | ၁၈၄၇၈၈၆ | ၂၀၂၈၆၂၀ | ၂၃၀၄၉၈၇ | ၃၀၅၅၇၃၁ |
| ၂ | လားရှိုးဒေသ | ၂၇၃၄၇၆ | ၃၅၈၁၀၀ | ၄၁၂၃၁၂ | ၅၀၂၃၄၈ | ၄၆၄၀၈၄ |
| ၃ | ကျိုင်းတုံဒေသ | ၇၉၇၆၇၉ | ၇၃၇၆၇၉ | ၅၁၅၃၉၆ | ၇၇၄၅၂၈ | ၁၀၁၃၄၁၇ |
| **ရှမ်းပြည်နယ်ချုပ်** | | **၂၃၂၆၇၆၅** | **၂၉၄၃၆၆၅** | **၂၉၅၆၃၂၈** | **၃၅၈၁၈၆၃** | **၄၅၃၃၂၃၂** |

ပညာသင်နှစ်အလိုက် အခမဲ့ ကျောင်းသုံးပုံနှိပ်စာအုပ်များကို ပိုမိုတိုးတက်စွာ ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။



## ရှမ်းပြည်နယ်
## (၅)နှစ်တာကာလအတွင်း တိုင်းရင်းသားစာပေ သင်ကြားမှု အခြေအနေ

| စဉ် | ပညာသင်နှစ် | တိုင်းရင်းသား စာပေ | ကျောင်းအရေ အတွက် | ဆရာဦးရေ | ကျောင်းသားဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ၂၀၁၅-၂၀၁၆ | ရှမ်း၊ပအိုဝ်း၊အင်း၊ကယန်း၊ပလောင်၊လီဆူ၊ လားဟူ၊အာခါ၊ | ၁၄၇၃ | ၂၅၈၆ | ၈၆၃၄၄ | |
| ၂ | ၂၀၁၆-၂၀၁၇ | ရှမ်း၊ပအိုဝ်း၊အင်း၊ကယန်း၊ပလောင်၊လီဆူ၊ လားဟူ၊အာခါ၊ ကချင်၊ 'ဝ '၊ ကယား | ၁၇၃၁ | ၃၃၉၁ | ၈၉၈၆၇ | |
| ၃ | ၂၀၁၇-၂၀၁၈ | ရှမ်း၊ပအိုဝ်း၊အင်း၊ကယန်း၊ပလောင်၊လီဆူ၊ လားဟူ၊အာခါ၊ ကချင်၊ 'ဝ '၊ ကယား ၊ ကယော၊ တအောင်း(ပလောင်) | ၁၉၀၅ | ၃၉၃၈ | ၁၀၈၆၈၄ | |
| ၄ | ၂၀၁၈-၂၀၁၉ | ရှမ်း၊ပအိုဝ်း၊အင်း၊ကယန်း၊ပလောင်၊လီဆူ၊ လားဟူ၊အာခါ၊ ကချင်၊ 'ဝ '၊ ကယား ၊ ကယော၊ တအောင်း(ပလောင်) | ၂၁၁၄ | ၄၄၀၁ | ၁၂၄၈၆၅ | |
| ၅ | ၂၀၁၉-၂၀၂၀ | ရှမ်း၊ပအိုဝ်း၊အင်း၊ကယန်း၊ပလောင်၊လီဆူ၊ လားဟူ၊အာခါ၊ ကချင်၊ 'ဝ '၊ ကယား ၊ ကယော၊ တအောင်း(ပလောင်) ၊ လော်ဝေါ် ၊ ဂျိမ်းဖော | ၂၁၀၉ | ၃၇၂၈ | ၁၂၂၆၇၉ | |

ရှမ်းပြည်နယ်

၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်ထိ

သင်ရိုးသစ် သင်တန်းများ တက်ရောက်ပြီးစီးမှု အခြေအနေ (KG မှ G-10 ထိ )

| စဉ် | သင်ရိုးသစ် | ပညာသင်နှစ် | သင်တန်း | | | ပြည်နယ်ချုပ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | တောင်ကြီးဒေသ | လားရှိုးဒေသ | ကျိုင်းတုံဒေသ | | |
| ၁ | KG | ၂၀၁၆-၁၇ | ၆၆၅၉ | ၈၂၀၇ | ၂၄၇၀ | **၁၇၃၃၆** | |
| ၂ | Grade-1 | ၂၀၁၇-၁၈ | ၈၁၄၇ | ၉၄၀၇ | ၁၃၅၁ | **၁၈၉၀၅** | |
| ၃ | Grade-2 | ၂၀၁၈-၁၉ | ၁၄၄၉၇ | ၈၈၈၉ | ၃၅၃၀ | **၂၆၉၁၆** | |
| ၄ | Grade-3 | ၂၀၁၉-၂၀ | ၁၄၁၆၆ | ၈၆၂၁ | ၂၄၄၈ | **၂၅၂၃၅** | |
| ၅ | Grade-4 | ၂၀၂၀-၂၁ | ၁၄၅၈၇ | ၁၀၁၁၈ | ၃၃၆၄ | **၂၈၀၆၉** | |
| ၆ | Grade-5 | | | | | | မရှိသေး |
| ၇ | Grade-6 | ၂၀၁၉-၂၀ | ၃၅၁၁ | ၄၄၁၁ | ၁၀၄၅ | **၈၉၆၇** | |
| ၈ | Grade-7 | ၂၀၂၀-၂၁ | ၅၉၇၄ | ၁၀၇၆ | ၁၀၆၆ | **၈၁၁၆** | |
| ၉ | Grade-8 | | | | | | မရှိသေး |
| ၁၀ | Grade-9 | | | | | | မရှိသေး |
| ၁၁ | Grade-10 | ၂၀၂၀-၂၁ | ၂၂၁၈ | ၁၃၀၅ | ၃၇၇ | **၃၉၀၀** | |

KG မှ Grade-10 အထိ သင်တန်းများကို ဗဟိုအဆင့်၊ ပြည်နယ်အဆင့် ၊ ခရိုင်အဆင့် ၊ မြို့နယ်အဆင့် ၊ ကျောင်းအဆင့် စသဖြင့် အဆင့်ဆင့် ဆင့်ပွား၍ ဆရာ လမ်းညွှန်စာအုပ်များနှင့် သင်ရိုးသစ်ကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

| | မြို့နယ် | သင်ယူသူ |
|---|---|---|
| **အခြေခံ စာတတ်မြောက်ရေး** | လွိုင်လင်၊နမ့်စန်(တ)၊ ဟိုပန်(၁၃-ရွာ)၊ နမ့်ဆန် ၊ မိုင်းဖြတ် (၁-၄-၂၀၁၆ မှ ၁၅-၅-၂၀၁၆ ထိ ) ဆောင်ရွက်ခဲ့ပါသည်။ | ၄၆၁၁ |
| | ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်(၁၀)မြို့နယ် (၁၂-၁-၂၀၁၇ မှ ၂၁-၂-၂၀၁၇ ထိ) ဆောင်ရွက်ခဲ့ပါသည်။ | ၂၆၇၉၄ |
| | ကျိုင်းတုံ၊မိုင်းခတ်၊မိုင်းယန်း၊မိုင်းပျဉ်း၊ မိုင်းဖြတ်၊ တာချီလိတ်၊မိုင်းယောင်း (၂၀-၁-၂၀၁၈ မှ ၂၈-၂-၂၀၁၈ ထိ) ဆောင်ရွက်ခဲ့ပါသည်။ | ၂၆၃၅ |

၂၀၁၅-၁၆ မှ ၂၀၁၇-၂၀၁၈ ကာလအတွင်း ရှမ်းပြည်နယ် အတွင်း မြို့နယ်ပေါင်း(၂၂) မြို့နယ်တွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၂-၁-၂၀၁၇ မှ ၂၁-၂-၂၀၁၇ ထိ ကျင်းပခဲ့သော တောင်ကြီးခရိုင်(၁၀)မြို့နယ် စာတတ်မြောက်ရေးလှုပ်ရှားမှုတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်း ရှမ်းပြည်နယ်အစိုးရအအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ၊ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းတို့မှ တက်ရောက်ချီးမြှင့်ခဲ့ပါသည်။

## ၁၂-၁-၂၀၁၇ရက်နေ့ တောင်ကြီးခရိုင်လုံးကျွတ်စာတတ်မြောက်ရေး၊ တောင်ကြီးမြို့နယ်၊ရွှေညောင်မြို့၊ကုန်းလှိုင်ကျေးရွာစာသင်ဝိုင်းအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့်တာဝန်ရှိသူများ ကွင်းဆင်းအားပေးနေပုံ



# ၁၂-၁-၂၀၁၇ရက်နေ့ တောင်ကြီးခရိုင်လုံးကျွတ်စာတတ်မြောက်ရေး၊ တောင်ကြီးမြို့နယ်၊ပလီလင်းကျေးရွာစာသင်ဝိုင်းအား ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်လူမှုရေးဝန်ကြီးတို့ ကွင်းဆင်းအားပေးနေပုံ



# ၂၀၁၈ခုနှစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးမှ အဖွင့်အမှာစကားပြောကြားနေပုံ



## ၂၀၁၈ခုနှစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားတွင် ပြသထားသော ပြခန်းများအား ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူများမှ ကြည့်ရှုအားပေးနေပုံ



## (၅)နှစ်တာ ကာလအတွင်း ရှမ်းပြည်နယ်  နှစ်အလိုက် Grade-5 ဖြေဆို၊ အောင်မြင်သူ ဦးရေ

| စဉ် | ပြည်နယ်/တိုင်း | ၂၀၁၅-၂၀၁၆ ပညာရေးနှစ် | | ၂၀၁၆-၂၀၁၇ ပညာရေးနှစ် | | ၂၀၁၇-၂၀၁၈ ပညာရေးနှစ် | | ၂၀၁၈-၂၀၁၉ ပညာရေးနှစ် | | ၂၀၁၉-၂၀၂၀ ပညာရေးနှစ် | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ဖြေဆို | အောင်မြင် | ဖြေဆို | အောင်မြင် | ဖြေဆို | အောင်မြင် | ဖြေဆို | အောင်မြင် | ဖြေဆို | အောင်မြင် |
| ၁ | တောင်ကြီးဒေသ | ၄၃၉၄၆ | ၄၀၀၇၈ | ၄၁၇၅၁ | ၄၀၀၆၂ | ၄၃၃၃၇ | ၄၃၀၉၉ | ၄၄၀၆၆ | ၄၄၀၆၂ | ၄၆၃၅၆ | ၄၆၃၅၆ |
| ၂ | လားရှိုးဒေသ | ၂၇၃၃၆ | ၂၆၆၃၁ | ၂၈၂၃၅ | ၂၈၁၇၃ | ၂၉၈၄၈ | ၂၉၇၈၆ | ၃၁၈၁၂ | ၃၁၈၀၇ | ၃၄၁၉၈ | ၃၄၁၉၆ |
| ၃ | ကျိုင်းတုံဒေသ | ၇၄၇၅ | ၇၁၃၂ | ၈၄၁၂ | ၈၄၁၁ | ၈၉၇၄ | ၈၉၆၇ | ၉၈၅၁ | ၉၈၄၅ | ၁၀၆၂၇ | ၁၀၆၂၇ |
| **ရှမ်းပြည်နယ်ချုပ်** | | **၇၈၇၅၇** | **၇၃၈၄၁** | **၇၈၃၉၈** | **၇၆၆၄၆** | **၈၂၁၅၉** | **၈၁၈၅၂** | **၈၅၇၂၉** | **၈၅၇၁၄** | **၉၁၁၈၁** | **၉၁၁၇၉** |

## (၅)နှစ်တာ ကာလအတွင်း ရှမ်းပြည်နယ် နှစ်အလိုက် Grade-9 ဖြေဆို၊ အောင်မြင်သူ ဦးရေ

| စဉ် | ပြည်နယ်/တိုင်း | ၂၀၁၅-၂၀၁၆ ပညာရေးနှစ် | | ၂၀၁၆-၂၀၁၇ ပညာရေးနှစ် | | ၂၀၁၇-၂၀၁၈ ပညာရေးနှစ် | | ၂၀၁၈-၂၀၁၉ ပညာရေးနှစ် | | ၂၀၁၉-၂၀၂၀ ပညာရေးနှစ် | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ဖြေဆို | အောင်မြင် | ဖြေဆို | အောင်မြင် | ဖြေဆို | အောင်မြင် | ဖြေဆို | အောင်မြင် | ဖြေဆို | အောင်မြင် |
| ၁ | တောင်ကြီးဒေသ | ၂၈၄၀၄ | ၂၂၀၆၀ | ၂၅၄၇၇ | ၂၅၄၇၀ | ၂၈၀၂၄ | ၂၈၀၁၈ | ၂၇၇၃၆ | ၂၇၇၃၁ | ၂၉၈၉၈ | ၂၉၈၉၆ |
| ၂ | လားရှိုးဒေသ | ၁၄၃၅၈ | ၁၃၈၃၀ | ၁၅၄၁၉ | ၁၅၃၃၉ | ၁၆၅၂၈ | ၁၆၃၀၄ | ၁၆၄၃၉ | ၁၆၄၁၀ | ၁၆၈၆၅ | ၁၆၈၆၄ |
| ၃ | ကျိုင်းတုံဒေသ | ၃၈၇၅ | ၃၄၃၅ | ၄၄၄၂ | ၄၄၄၂ | ၄၇၁၁ | ၄၇၀၇ | ၄၅၂၁ | ၄၅၁၈ | ၄၇၂၁ | ၄၇၂၁ |
| **ရှမ်းပြည်နယ်ချုပ်** | | **၄၆၆၃၇** | **၃၉၃၂၅** | **၄၅၃၃၈** | **၄၅၂၅၁** | **၄၉၂၆၃** | **၄၉၀၂၉** | **၄၈၆၉၆** | **၄၈၆၅၉** | **၅၁၄၈၄** | **၅၁၄၈၁** |

## (၄)နှစ်ကျော် ကာလအတွင်း ရှမ်းပြည်နယ် နှစ်အလိုက် တက္ကသိုလ်စာမေးပွဲ ဖြေဆို၊ အောင်မြင်သူ ဦးရေ

| စဉ် | ပြည်နယ်/တိုင်း | ၂၀၁၅-၂၀၁၆ ပညာရေးနှစ် | | ၂၀၁၆-၂၀၁၇ ပညာရေးနှစ် | | ၂၀၁၇-၂၀၁၈ ပညာရေးနှစ် | | ၂၀၁၈-၂၀၁၉ ပညာရေးနှစ် | | ၂၀၁၉-၂၀၂၀ ပညာရေးနှစ် | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ဖြေဆို | အောင်မြင် | ဖြေဆို | အောင်မြင် | ဖြေဆို | အောင်မြင် | ဖြေဆို | အောင်မြင် | ဖြေဆို | အောင်မြင် |
| ၁ | တောင်ကြီးဒေသ | ၂၂၉၆၂ | ၆၅၆၉ | ၂၆၆၉၉ | ၈၆၄၄ | ၃၀၈၈၀ | ၉၁၇၄ | ၃၄၁၅၅ | ၉၄၅၇ | ၃၉၂၆၃ | ၁၀၃၁၈ |
| ၂ | လားရှိုးဒေသ | ၁၄၄၈၉ | ၄၂၅၄ | ၁၅၃၀၀ | ၅၄၃၃ | ၁၆၄၉၈ | ၅၃၄၂ | ၁၇၃၉၅ | ၅၄၈၂ | ၁၈၁၂၃ | ၅၆၅၁ |
| ၃ | ကျိုင်းတုံဒေသ | ၃၈၈၃ | ၈၂၅ | ၄၃၃၇ | ၁၀၆၄ | ၄၈၄၁ | ၉၃၆ | ၅၀၀၈ | ၁၀၄၁ | ၅၀၃၇ | ၁၀၅၂ |
| **ရှမ်းပြည်နယ်ချုပ်** | | **၄၁၃၃၄** | **၁၁၆၄၈** | **၄၆၃၃၆** | **၁၅၁၄၁** | **၅၂၂၁၉** | **၁၅၄၅၂** | **၅၆၅၅၈** | **၁၅၉၈၀** | **၆၂၄၂၃** | **၁၇၀၂၁** |

# ၂၀၁၈-၂၀၁၉ ပညာသင်နှစ်
# ရှမ်းပြည်နယ်ကျောင်းအပ်နှံရေးနေ့အခမ်းကို
# ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်
# ဒေါက်တာလင်းထွဋ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တက်ရောက်ချီးမြှင့်ပုံ



## ၂၀၁၈-၂၀၁၉ ပညာသင်နှစ်
## ရှမ်းပြည်နယ်ကျောင်းအပ်နှံရေးနေ့အခမ်းတွင်
## ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးမှ အခမဲ့ပုံနှိပ်စာအုပ်များ ပေးအပ်ပုံ



## ၂၀၁၈-၂၀၁၉ ပညာသင်နှစ်
## ရှမ်းပြည်နယ်ကျောင်းအပ်နှံရေးနေ့အခမ်းတွင်
## ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်မှ အခမဲ့ပုံနှိပ်စာအုပ်များ ပေးအပ်ပုံ



၂၀၁၉-၂၀၂၀ ပညာသင်နှစ် ၊ ပညာရေးစုံညီပွဲတော်တွင်
ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်
တက်ရောက်ဆု ချီးမြှင့်မှု မှတ်တမ်းဓါတ်ပုံ(၇-၁-၂၀၂၀)



၂၀၁၉-၂၀၂၀ ပညာသင်နှစ် ၊ ပညာရေးစုံညီပွဲတော်တွင်
ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း
တက်ရောက်ဆု ချီးမြှင့်မှု မှတ်တမ်းဓါတ်ပုံ(၇-၁-၂၀၂၀)



နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်တွင်
အထက(၁)တောင်ကြီး၌ ကျောင်းသား/သူများနှင့် တွေ့ဆုံမှုမှတ်တမ်းဓါတ်ပုံ(၁၁-၂-၂၀၂၀)



နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်တွင်
အထက(၁)တောင်ကြီး၌ ကျောင်းသား/သူများနှင့် တွေ့ဆုံမှုမှတ်တမ်းဓါတ်ပုံ(၁၁-၂-၂၀၂၀)



လေးစားစွာဖြင့်
တင်ပြအပ်ပါသည်